

# သားရဲ၏ ဇနီးအဖြစ် ပျိုးထောင်ခံရခြင်း

လွန်းပန်းချီ

စာစဉ် – ၅

စာစဉ်(၅)

စာရေးသူ လွန်းပန်းချီ

ဝတ္ထုအမည် သားရဲ၏ဇနီးအဖြစ်ပျိုးထောင်ခံရခြင်း

အပိုင်း(၂၁)

ဂူထဲသို့ ပြန်ရောက်သောအခါ ရှုကျင်ထျန်းသည် ဂူနံရံကိုမှီပြီး ထိုင်လိုက်သည်။ ရှုဟန်ယွီက နိုးတစ်ဝက်အိပ်တစ်ဝက် အခြေအနေတွင်သာ ရှိနေသေးသည်။ သူက မိန်းမပျိုလေးကို မျက်လုံးစွေကြည့်ပြီး မကြာမီ အိပ်ပျော်သွားသည်။

ရှုကျင်ထျန်းသည် အိပ်ရေးဝဝအိပ်ပြီးဖြစ်တာကြောင့် နံရံပေါ်ကို ပျင်းရိစွာမှီလိုက်သည်။ ရှုဟန်ယွီက သူ့အား ပွေ့ဖက်ထားသောကြောင့် ရှုဟန်ယွီ၏ခေါင်းကို သူ၏ခြေထောက်များပေါ်တွင် ချောမွေ့စွာ တင်လိုက်သည်။

ညပုလဲလုံးက လပြည့်ညကဲ့သို့ ခပ်ဖျော့ဖျော့ခရမ်းရောင်ဖြင့် ဖုံးလွှမ်းထားသည်။ ရှုဟန်ယွီက ဒီတောက်ပတဲ့အလင်းရောင်ကို မကြိုက်ပုံရပြီး ရှုကျင်ထျန်းရဲ့ခြေထောက်တွေပေါ်မှာ သူ့ခေါင်းကိုမြှုပ်ပြီး အကြီးအကျယ်ဆက်အိပ်နေလေ၏။

ရှုကျင်ထျန်းသည် သူမည်သို့ထွက်ပြေးရမည်ကိုသာ စီစဉ်နေလေ၏။ မြွေကြီးအား အပြင်သို့ထွက်စေရန် ဆင်ခြေတစ်ခုရှာပြီး ထွက်ပြေးလွတ်မြောက်နေသော သူ့အဖြစ်ကို သူ၏စိတ်ထဲတွင် တွေးတောနေပြီး ထိုနေရာတွင်ထိုင်နေရုံဖြင့်ပင် သူမပျင်းဘူးဟု ခံစားလိုက်ရသည်။

မိုးကုပ်စက်ဝိုင်းကို အဖြူရောင်နှင့်ဖုံးလွှမ်းသောအခါ နူးညံ့သော ခရမ်းရောင် အလင်းရောင်သည် နေရောင်ခြည်ဖြင့် အစားထိုးလာသည်။

နံနက်ခင်း၏မြူများက တောတောင် ကွက်လပ်များကြားတွင် လွင့်မျော သွားပြီး တွင်းဝသို့ လွင့်မျောလာသည်။ သန့်ရှင်းလတ်ဆတ်သောလေထု သည် အဆုတ်ထဲသို့ ရှူသွင်းလိုက်သောအခါ အေးမြသော အစိုဓာတ်ကိုပင် ယူဆောင်လာသည်။

ငှက်များ၏တေးဆိုသံများနှင့် အင်းဆက်များ၏အော်ဟစ်သံများ တိုးလာ သည်နှင့်အမျှ သစ်တောသည် တဖြည်းဖြည်း အသက်ဝင်လာလေ၏။ သို့သော် ရှုဟန်ယွီအတွက်မူ ထိုအသံများက အနှောင့်အယှက်ပင်။

ရှုဟန်ယွီသည် တစ်ချက်သမ်းလိုက်ပြီး ရှုကျင်ထျန်း၏ ခြေထောက်များ ပေါ်မှ ခေါင်းကို မြှောက်လိုက်သည်။ သူ၏မြစိမ်းရောင်မျက်လုံးများသည် အစိုဓာတ်အလွှာတစ်ခု စိမ့်ဝင်နေသလို ကြည်လင်သောရေကဲ့သို့ တောက်ပ နေလေသည်။

ရှုဟန်ယွီက သူ့ခန္ဓာကိုယ်ကိုရွှေ့လိုက်ပြီး ခေါင်းကိုမြှင့်ကာ မိန်းမပျိုလေး ကို ကြည့်လိုက်သည်။

ရှုကျင်ထျန်းက သတိလက်လွတ်ဖြင့် တစ်ဖန် ပြန်လည် အိပ်ပျော်သွားခဲ့ သည်။ သို့သော် သူသည် အလွန်အိပ်မပျော်ခဲ့ ပေ။ သူ၏ခန္ဓာကိုယ်အား တစ်ခုခုက လာထိနေသလို ခံစားလိုက်ရသည်။

ရှုကျင်ထျန်းသည် သူ၏မျက်လုံးများကို ဖွင့်လိုက်သောအခါ ကြီးမားသော မျက်နှာတစ်ခုကို ချက်ချင်း တွေ့လိုက်ရသည်။ မြစိမ်းရောင်မျက်လုံး များသည် သူ့ဆီကို ဆက်လက် ချဉ်းကပ်နေဆဲဖြစ်သည်။ သူ၏အနည်းငယ် ကွဲနေသော နှုတ်ခမ်းများကို အေးမြသော ခက်ရင်းခွသဏ္ဍာန်လျှာက စုပ်ယူ လိုက်မှသာ ရှုကျင်ထျန်းက ရုတ်တရက် လန့်နိုးလာသည်။

"မင်း နိုးပြီလား ... ဂွတ်မောနင်း"

ရှုကျင်ထျန်းက ထိုသို့ပြောပြီး ပျင်းရိစွာဖြင့် ခါးကိုဆန့်ကာ ရှုဟန်ယွီ၏ ဆန့်ထွက်လာသောလျှာကို ရှောင်ဖယ်လိုက်သည်။

"အင်း ... ထျန်းထျန်း ဗိုက်ဆာလား။ ကိုယ်မင်းအတွက် စားစရာတစ်ခုခု သွားယူပေးမယ်"

ရှုဟန်ယွီက ရှုကျင်ထျန်း၏ခါးကို လက်ဖြင့် ဖျစ်ညှစ်လိုက်သည်။ မိန်းမပျိုလေး၏ ခန္ဓာကိုယ်သည် နည်းနည်းမှကြီးမလာဘဲ သေးသွယ်နေသည်။ မိန်းမပျိုလေးက အစားစားတာ အရမ်းနည်းတာမို့ သူ့ကို ဒီထက်ပိုကျွေးသင့်သည်။

ရှုကျင်ထျန်း၏မျက်လုံးများက အရောင်တောက်လာပြီး ခေါင်းကို အကြိမ်ကြိမ်အခါခါ ညိတ်လိုက်သည်။

"ဟုတ်တယ် ... မြန်မြန်သွား ... ငါမင်းကို စောင့်နေမယ်"

ရှုဟန်ယွီက ရှုကျင်ထျန်းရဲ့မေးစေ့ကို ဖျစ်ညှစ်လိုက်ပြီး မရမက ပြောလိုက်သည်။

"အတူတူသွားမယ် ... မင်းစားချင်တာ ကိုယ်ဖမ်း ပေးမယ်"

"မဟုတ်ဘူး။ ငါမင်းကို အိမ်မှာ စောင့်မယ်လေ ... အာ့ ..."

ရှုကျင်ထျန်းစကား မဆုံးသေးပေ။ မေးစေ့ကိုဖျစ်ညှစ်ထားတဲ့ ရှုဟန်ယွီက ရုတ်တရက် အားသုံးလာတာကြောင့် ရှုကျင်ထျန်းက နာကျင်လှသဖြင့် မျက်နှာကို ရှုံ့တွပစ်လိုက်သည်။

"သွား ... ငါသွားပါ့မယ်"

ရှုဟန်ယွီက ကျေနပ်စွာ လွှတ်ပေးလိုက်သော်လည်း ရှုကျင်ထျန်းရဲ့မေးရိုးမှာ အနီကွက်များ ကျန်ခဲ့လေ၏။

သူတို့နှစ်ဦးဂူထဲမှ ထွက်သွားသောအခါ ရှုဟန်ယွှီက မြွေတစ်ကောင်ဖြစ်သွားပြီး ရှုကျင်ထျန်းကို ရစ်ပတ်ကာ တောအုပ်ကို လျင်မြန်စွာ ဖြတ်ကူးသွားပြီး မကြာမီသူသည် ကျန်းမာသောသားကောင်ကို ဖမ်းလိုက်သည်။

ရှုကျင်ထျန်းက ရှုဟန်ယွှီရဲ့ခန္ဓာကိုယ်ကိုမှီပြီး သူ့ရဲ့နောက်ကျောကို ကျုံ့လိုက်သည်။ သူ၏တင်ပါးမှာ နာကျင်နေဆဲဖြစ်၍ သူသစ်သီးအချို့ကို ရှာချင်ကြောင်း ပြောလိုက်သည်။

"ငါက သစ်သီးဝလံတွေကို စားချင်တယ်။ သစ်သီးတွေ သွားရှာရအောင်"

ရှုဟန်ယွှီကမူ မိန်းမပျိုလေးက ဒီလိုအရာတွေကို စားတာကြောင့် ပိန်နေသည်ဟု ထင်လိုက်သည်။ ဒါကြောင့် သူ့ကိုစားခွင့်မပေးချင်ဘူး။ ဒါပေမဲ့ မိန်းမပျိုလေးက အဲဒါတွေကို အရမ်းကြိုက်ပုံရတာမို့ ခါတိုင်းထက် နည်းနည်းလျှော့ကောက်ဖို့သာ တတ်နိုင်တော့သည်။

ရှုဟန်ယွှီက အနည်းငယ် တုံ့ဆိုင်းသွားပြီး သူ၏ခက်ရင်းခွသဏ္ဍာန်လျှာကို ထုတ်ကာ တုံ့ပြန်လိုက်ပြီး ရှုကျင်ထျန်းကို သစ်သီးအချို့ ရှာဖွေရန် ခေါ်ဆောင်လာခဲ့သည်။

ရှုဟန်ယွှီသည် ရှုကျင်ထျန်းကို တောအုပ်တစ်ဝိုက်လှည့်လည် ခေါ်ဆောင်လာခဲ့ပြီး မကြာခင်မှာ သစ်သီးပင်အချို့ကို တွေ့လိုက်ရသည်။ ရှုကျင်ထျန်းက အဲဒါကိုမြင်လိုက်တဲ့အခါ စပျစ်ပင်မှန်းသိသွားပြီး သိသာသာ အံ့ဩသွားခဲ့သည်။ စပျစ်ပင်၏ခိုင်ခံ့သော အမြစ်များသည် ပန်းကန်လုံးတစ်လုံး၏အထူရှိ၍ အနီးတစ်ဝိုက်ရှိ ချုံများအားလုံး၌ တွားသွား ရစ်တွယ်နေကြသည်။

ရှုကျင်ထျန်း ဒီကိုရောက်ပြီးနောက်မှာ သူ သိရှိမှတ်မိနိုင်တဲ့အရာတွေကို မမြင်ဖူးခဲ့ပေ။ သူအကျွမ်းတဝင်ရှိသော အသီးတစ်ခုကို မြင်လိုက်ရသောအခါ သူနေထိုင်ခဲ့သောနေရာနှင့် ဤထူးဆန်းသော ကမ္ဘာလောက၏

ခြားနားချက်များက မည်မျှပင် ကွာခြားသည်ကို ချက်ချင်း သဘောပေါက်လိုက်သည်။

စပျစ်ပင်သည် ကြီးမားသော်လည်း အပင်ပေါ်တွင် စပျစ်သီးများသည် သေးငယ်ပြီး သနားစရာကောင်းနေသည်။ စပျစ်သီးတစ်ဝက်ကျော်မှာလည်း စိမ်းနေသေးသည်။ ရှုကျင်ထျန်းသည် အနည်းငယ်မှည့်သွားသော အနွယ်နှစ်ခုကိုယူ၍ မနုတ်မီ စပျစ်သီးအားလုံး မှည့်ချိန်ထိစောင့်ရန် စီစဉ်လိုက်သည်။ ထိုအခါ သူစပျစ်ဝိုင်ကို ဖျော်နိုင်မည်။ ဒါမှမဟုတ်ရင် စပျစ်ခြောက်ပြုလုပ်ရန် နေရောင်တွင် အခြောက်ခံနိုင်မည်။

အစားအစာရှာပြီးနောက် ရှုဟန်ယွီသည် ရှုကျင်ထျန်းကိုရစ်ပတ်ကာ ဂူထဲသို့ပြန်လာခဲ့သည်။

ယနေ့သားကောင်သည် ရှုကျင်ထျန်းယခင်က စားခဲ့သောအရာဖြစ်သည်။ အသားကိုကင်တဲ့အခါ အရမ်းကြမ်းသည်။ ထို့ကြောင့် သူသည် ချက်ပြုတ်နည်းကိုပြောင်းပြီး မစားခင်အခွံထဲ၌ ချက်ပြုတ်ရန် စီစဉ်ခဲ့သည်။

ရှုကျင်ထျန်းသည် ဓားမြှောင်ဖြင့် အသားကြီးတစ်ခြမ်းကို ခုတ်လိုက်ပြီး ရှုဟန်ယွီစားရန် ချန်ထားသည်။ အရင်အတိုင်းပဲ ရှုဟန်ယွီက အဲဒီအသားကို လျစ်လျူရှုပြီး မိန်းမပျိုလေး ကျန်နေတဲ့အသားတွေကိုသာ စားဖို့စောင့်နေလေ၏။

ရှုကျင်ထျန်းသည် ချက်ပြုတ်ရာတွင် အလွန်ကျွမ်းကျင်လာပြီး မကြာမီ စားသုံးနိုင်သော အစားအစာများ ချက်ပြုတ်ပြီးစီးသွားသည်။ သို့သော်လည်း ရေချိုတွင်ပြုတ်ထားသော အသား၏အရသာသည် ကင်ခြင်းထက် မကောင်းသေးပါ။ သူက သစ်သားပြားလေးတွေကို ဝါးနေသလို ခံစားလိုက်ရသည်။

တစ်ချိန်က စားချင်စဖွယ်စားတတ်သော အသက်အငယ်ဆုံး သခင်လေး

သည် ယခုအခါတွင် သူ၏ယခင်စိတ်ထားဟာ လုံးလုံးလျားလျား ပျောက်ကွယ်သွားပြီး လုံးဝ အရသာမရှိသောအသားကို စားနေရသည်။

ရှုကျင်ထျန်းသည် နောက်တစ်ကြိမ် ပင်လယ်မှအစားအစာများ ပိုယူလာရန် စဉ်းစားလိုက်သည်။ အသားနှင့်ချက်ပြုတ်လျှင် ၎င်းတို့က အရသာရှိသင့်သည်။

"မင်း နည်းနည်းလေးစားပြီး ဗိုက်ပြည့်သွားပြီလား"

ရှုဟန်ယွီသည် မိန်းမပျိုလေး၏ဗိုက်ကို တို့ထိလိုက်ပြီး အနည်းငယ် မကျေမနပ်ဖြစ်မိသည်။

ရှုကျင်ထျန်းက သူ့နှုတ်ခမ်းကိုသုတ်လိုက်ပြီး အသီးသေးသေးလေးတွေကို သူ့ပါးစပ်ထဲ ထည့်လိုက်သည်။ ချဉ်သောစပျစ်သီးအရည်သည် သူ၏ခံတွင်းထဲ၌ ကွဲထွက်လာပြီး ချဉ်လွန်းသဖြင့် မျက်နှာရှုံ့မဲ့ကာ ပွတ်သပ်လိုက်သည်။

"အင်း၊ ငါ ဗိုက်ပြည့်နေတယ်။ အသားတွေ အများကြီး ရှိသေးတယ်။ မင်း မြန်မြန်စား အကြာကြီးထားရင် လတ်ဆတ်တော့မှာ မဟုတ်ဘူး"

ဒီစပျစ်သီးက တကယ်ကိုချဉ်တာပဲ ... ရှုကျင်ထျန်ယသည် အနီရောင်စပျစ်သီးကိုစမ်းရန် ကြိုးစားလိုက်သည်။ အမ်း ... အနီရောင်စပျစ်သီးကတော့ ကောင်းနေဆဲပင်။

ရှုဟန်ယွီသည် ရှုကျင်ထျန်း၏ခါးကို ဖျစ်ညှစ်လိုက်ပြီး အကူအညီမဲ့နေသလို ခံစားနေရသည်။ မိန်းမပျိုလေးက အမြဲလိုလိုပိန်လှီနေတာကို သူ ဘာလုပ်သင့်သနည်း။ သူမြန်မြန်ကြီးအောင် လုပ်ရမယ်။ နည်းနည်းပဲဖြစ်ဖြစ် ပိုကြီးလာအောင် လုပ်ရမည်။ သူအရင်တုန်းက တွေ့ခဲ့သည့် အမျိုးသမီးများကပင် ထျန်းထျန်းထက် အရွယ်အစားအားဖြင့် ပိုကြီးသေးသည်။

"ထျန်းထျန်း စားရတာ မကြိုက်ဘူးလား"

ရှုကျင်ထျန်းက သူ့အား ဆုပ်ကိုင်ထားသော ရှုဟန်ယွီ၏လက်ကို ဖိလိုက်သည်။

"ဟုတ်တယ် နေ့တိုင်း ဒီလိုမျိုး အသားတွေစားတာက ငါ့ကို နေမကောင်းဖြစ်စေတယ်"

သေချာတာပေါ့ ... ဒါကမျှော်လင့်ထားတဲ့အတိုင်းပဲ ...

ရှုဟန်ယွီက ဆက်လက်၍

"ဒါဆို မင်းဘာစားချင်လဲ ကိုယ့်ကိုပြော ... ကိုယ်ဖမ်းပေးမယ်"

ရှုကျင်ထျန်းက အလွန်အံ့သြသွားသည်။ သူကမြွေကြီးကို ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတုန်းမှာ အဖြေကို တိုက်ရိုက်ရခဲ့ပြီ။

တောက်ပသော မျက်လုံးများနှင့် ရှုကျင်ထျန်းသည် ရှုဟန်ယွီကိုကြည့်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။ မနေ့ကပင်လယ်မှိုက တော်တော်အရသာရှိတယ်။ မင်းငါ့အတွက် နည်းနည်း ယူလာပေးနိုင်မလား"

ရှုဟန်ယွီကခေါင်းညိတ်လိုက်ပြီး

" ကောင်းပြီ ကိုယ်တို့ အခုသွားရအောင် ..."

ရှုကျင်ထျန်းက ပြောလိုက်သည်။

"အယ် ... ငါမသွားဘူး ..."

မျှော်လင့်ထားသည့်အတိုင်း ရှုဟန်ယွီက သဘောမတူဘဲ ရှုကျင်ထျန်း၏လက်ကိုဆွဲကာ ပြောလာ၏။

"မလုပ်ရပါဘူး မင်း ကိုယ်နဲ့လိုက်ရမယ်"

"ဒါ ... ဒါပေမဲ့ ငါ့မျက်လုံးတွေ နာတယ်လေ။ ငါနေကောင်းလာတဲ့အခါ ငါ

တို့ နောက်တစ်ခေါက် သွားကြမယ် ဟုတ်ပြီလား။ နောက်တစ်ခါ ... နောက်တစ်ခါ ငါသေချာပေါက် သွားမယ်နော်"

ရှုကျင်ထျန်းက မျက်တောင်ခတ်လိုက်ပြီး သူ့မျက်လုံးတွေကို လက်နဲ့ ပွတ်လိုက်သေးသည်။

အမှန်တော့ သူ့မျက်လုံးများသည် မသိလိုက်ချိန်၌ ပြန်လည်ကောင်းမွန်လာပြီး ယခုအခါ အလွန်ကောင်းမွန်နေခဲ့သည်။

ရှုဟန်ယွီသည် အနည်းငယ် တုံ့ဆိုင်းသွားပြီး မိန်းမပျိုလေးတစ်ဦးတည်း ရှိနေခြင်းအတွက် သူစိတ်မချနိုင်ပေ။ သို့သော် အသားမရှိသော ရှုကျင်ထျန်း၏ခါးကိုဖျစ်ကာ နောက်ဆုံးတွင် ခေါင်းညိတ်ခဲ့သည်။

"ဒါဆို ထျန်းထျန်း ဂူထဲမှာပဲနေရမယ်။ အပြင်မထွက်ရဘူး" ခဏလောက်တုံ့ဆိုင်းသွားပြီးနောက် ရှုဟန်ယွီက ဆက်ပြီး"ဒီမှာနောက်ထပ် သားရဲတစ်ကောင် ရှိသေးတယ်။ အန္တရာယ်ရှိတဲ့ ယောက်ျားတစ်ယောက်မို့ မင်းသတိထားရမယ်။ ဘာပဲကြားကြား မင်းအသံမထွက်ဘဲ အိမ်မှာနာခံပြီး ကိုယ့်ကိုစောင့်နေရမယ်။ နားလည်လား"

ရှုကျင်ထျန်းသည် အလွန် သိချင်စိတ်ပြင်းပြစွာဖြင့်

"ဒီမှာ တခြားတစ်ယောက် ရှိသေးလား။ ဘယ်လိုအမျိုးအစားလဲ"

ရှုဟန်ယွီ၏မျက်နှာသည် ချက်ချင်းအေးစက်လာပြီး ရှုကျင်ထျန်း၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"မင်းဘာလို့ ဒီလောက်သိချင်နေတာလဲ"

ရှုကျင်ထျန်းသည် အံ့ဩသွားပြီး ချက်ချင်းပင် ပါးစပ်ပိတ်လိုက်သည်။ ထို့ကြောင့် ထိုသားရဲသည် ရှုဟန်ယွီကို ကြောက်ရွံ့စေသောသူ ဖြစ်ပုံရသည်။ ရဲရင့်တဲ့စပါးအုံးမြွေကို ဒီလောက်သတိကြီးအောင် လုပ်နိုင်တဲ့သူက ဘယ်

သူများလဲ။

ရှူကျင်ထျန်းက စပ်စုချင်ပေမဲ့ သူက မေးခွန်းတွေမမေးတော့ဘဲ ရှူဟန်ယွီကို မုန်းတီးစွာ ပြုံးပြလိုက်သည်။

"ငါနားလည်တယ်။ မြန်မြန်သွားတော့ ငါမင်းကို ဂူထဲမှာ စောင့်နေပါ့မယ်"

ရှူဟန်ယွီ၏အမူအရာသည် အနည်းငယ် သက်သာသွားပြီး တိတ်ဆိတ်စွာဖြင့် ရှူကျင်ထျန်းကို ဂူထဲသို့လွှတ်လိုက်သည်။ သူမထွက်ခွာမီ မြစ်၏တစ်ဖက်ကမ်းကို ကြည့်လိုက်ပြီး သူ၏ခက်ရင်းခွသဏ္ဌာန်လှျာကို ထုတ်ကာ လေထဲသို့အနံ့ခံကြည့်သည်။ ရနံ့ဖျော့သွားသည်ဟု အတည်ပြုပြီးနောက် သူထွက်ခွာသွားသည်။

ရှူကျင်ထျန်းသည် ရှူဟန်ယွီ၏ဂူအောက်ခြေမှနေ၍ ခေါင်းကိုမြှင့်ကာ ရိုးသားသော အပြုံးတစ်ခု ဖြစ်ပေါ်စေသည်။

"ဂရုတစိုက်သွား ... လမ်းမှာသတိထားနော် စောစောသွားပြီး စောစောပြန်လာခဲ့ ..."

ရှူဟန်ယွီက သူ့အသံကိုကြားသောအခါ သူ၏အေးခဲသောအမူအရာသည် လျော့ကျသွားပြီး နှုတ်ခမ်းထောင့်စွန်းတို့သည်လည်း မသိမသာ အပေါ်သို့ ကွေးညွတ်ကာ ဆွဲဆောင်မှုရှိသော အမူအရာကို ထုတ်ပြလာသည်။

***